# စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ဤဥပဒေကို စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်လက်၍ရေးသားသောအချက်** ဆိုသည်မှာ ရေးမှတ်ခံရသူများ၏ အမည်၊ အဘအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာတို့ကို ဆိုသည်။

(ဂ) **ထပ်ဆင့်ရေးမှတ်ချက်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများ၏ မျက်နှာဖုံးတွင်ဖြစ်စေ၊ အတွင်းစာရွက်များ သို့မဟုတ် နောက်ဆက်တွဲစာရွက်စာတမ်းများတွင်ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ရေးသွင်းသည့် ရေးသွင်းချက်ကိုဆိုသည်။

(ဃ) **မရွှေ့မပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ မြေနှင့်မြေမှ ဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ဆောက်လုပ်ထားသော၊ မြေ၌ စိုက်ထူစွဲကပ်ထားသော သို့မဟုတ် မြေ၌ စိုက်ထူစွဲကပ်ထားသည့်အရာ၌ အမြဲချည်နှောင်စွဲကပ်ထားသော အဆောက်အအုံနှင့် အရာဝတ္ထုများကို ဆိုသည်။ ယင်းစကားရပ်တွင် မြေ၌ ပေါက်လျက်ရှိသည့် သစ်ပင်၊ မရိတ်သိမ်းရသေးသည့် ကောက်ပဲသီးနှံနှင့် မြက်များ မပါဝင်။

(င) **ရွှေ့ပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းမှတစ်ပါး အခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

( စ ) **အငှားစာချုပ်** ဆိုသည်မှာ စိုက်ပျိုးရန်သော်လည်းကောင်း၊ နေထိုင်ရန်သော်လည်းကောင်း၊ လက်ရှိထားရန်သော်လည်းကောင်း၊ အခြားတစ်နည်းနည်း အသုံးပြုရန်သော်လည်းကောင်း ငှားရမ်းသည့် သဘောတူစာချုပ်ကို ဆိုသည်။

(ဆ) **အရွယ်မရောက်သေးသူ** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသူကို ဆိုသည်။

( ဇ ) **ကိုယ်စားပြုသူ** ဆိုသည်မှာ အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူကို တရားဝင် အုပ်ထိန်းခွင့်ရသည့်ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါက ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ကိုယ်စား အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ဈ) **ကိုယ်စားလှယ်** ဆိုသည်မှာ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ကိုယ်စားခန့်ထားခြင်း ခံရသူ သို့မဟုတ် အခြားသူများနှင့်ဆက်ဆံရာတွင် သူတစ်ပါးအတွက် ကိုယ်စားပြုသူကို ဆိုသည်။

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

( ဋ ) **ဝန်ကြီး** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကို ဆိုသည်။

( ဌ ) **ဦးစီးဌာန** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။

( ဍ ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

( ဎ ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဏ) **စုံစမ်းစစ်ဆေးရေးမှူး** ဆိုသည်မှာ သက်ဆိုင်ရာခရိုင်အတွင်း စာချုပ်စာတမ်းမှတ်ပုံတင် လုပ်ငန်းဆောင်ရွက်ချက်များကို စစ်ဆေးရန်တာဝန်ရှိသည့် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးကို ဆိုသည်။

## အခန်း(၂)
## စာချုပ်စာတမ်းများ မှတ်ပုံတင်အရာရှိ အဆင့်ဆင့်နှင့် စုံစမ်းစစ်ဆေးရေးမှူးတို့ကို သတ်မှတ်ခြင်း

၄။ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်း၏ အကြီးအမှူးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၏ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၆။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာခရိုင်၏ စုံစမ်းစစ်ဆေးရေးမှူး ဖြစ်သည်။

၇။ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က ခန့်အပ်တာဝန်ပေးသည့် ဦးစီးဌာနမှ အရာရှိသည် သတ်မှတ်ထားသော မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၈။ ဒုတိယဦးစီးမှူးအဆင့်အောက်မနိမ့်သော မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်၏ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ဖြစ်သည်။

## အခန်း(၃)
## စာချုပ်စာတမ်းမှတ်ပုံတင်ရုံးဖွဲ့စည်းတည်ထောင်ခြင်း

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း၌ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးကို မြို့တော်စည်ပင်သာယာနယ်နိမိတ် အတွင်းရှိ မြို့နယ်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ စုစည်း၍ဖွင့်လှစ်ရမည်။

၁၁။ ပုဒ်မ ၁၀ ပါ မြို့နယ်များမှအပ ကျန်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် လိုအပ်သည့်ဝန်ထမ်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက် မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ တာဝန်များကို ဦးစီးဌာနမှသင့်လျော်သည့် အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အသုံးပြုသည့် မှတ်ပုံတင်စာအုပ်နှင့် အသုံးပြုသည့်ပုံစံများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၅။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည်-

(က) ဦးစီးဌာနက သတ်မှတ်သော ပုံစံအရွယ်အစားနှင့် ဖော်ပြရမည့် အချက်များပါရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ တံဆိပ်တုံးများ၊ ရုံးတံဆိပ်တုံးများကို အသုံးပြုရမည်။

(ခ) ဦးစီးဌာနက ရိုက်နှိပ်ဖြန့်ဝေသည့် သတ်မှတ်သော မှတ်ပုံတင်စာအုပ်များနှင့် ပုံစံများကို အသုံးပြုရမည်။

(ဂ) အသုံးပြုသော မှတ်ပုံတင်စာအုပ်များ၏ စာမျက်နှာတိုင်းတွင် ပုံနှိပ်အမှတ်စဉ်များကို အစဉ်လိုက် မှတ်သားထားရမည်။

(ဃ) ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ ထားရှိရမည်။

(င) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် အမှုတွဲများကို လုံခြုံစွာသိမ်းဆည်းနိုင်ရန် အမှုတွဲခန်း ဖွင့်လှစ်ထားရှိရမည်။

## အခန်း(၄)
## စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်း

၁၆။ အောက်ပါစာချုပ်စာတမ်းများကို ဤဥပဒေအရ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်သည်-

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အပိုင်ပေးသည့် စာချုပ်စာတမ်းများ၊

(ခ) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေ ကျပ်တစ်သိန်းနှင့်အထက်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ခိုင်မာစေရန်ပြုလုပ်သည့် သေတမ်းစာမဟုတ်သော စာချုပ်စာတမ်းများ၊ ယင်းစာချုပ်စာတမ်းတို့နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ခွင့်အပေါ် တရားရုံးက ချမှတ်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်၊

(ဂ) တန်ဖိုးငွေကျပ်တစ်သိန်းနှင့် အထက်ရှိသည့် ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံငွေချေးခြင်းမှတစ်ပါး ပေါင်နှံခြင်းကို ပေါင်နှံသူ လက်မှတ်ရေးထိုးပြီး အနည်းဆုံးအသိသက်သေနှစ်ဦးက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားသည့် ပေါင်နှံခြင်းစာချုပ်များနှင့် ပေါင်နှံခြင်း ဖျက်သိမ်းသော စာချုပ်များ၊

(ဃ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်နှစ်ပြီးတစ်နှစ် ငှားရမ်းခြင်း၊ တစ်နှစ်ထက်ပို၍ ငှားရမ်းခြင်း၊ ငှားရမ်းခကို နှစ်အလိုက်သတ်မှတ်၍ ငှားရမ်းခြင်းစာချုပ်များ၊

(င) ကုမ္ပဏီအသင်းအဖွဲ့တို့က မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်အားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ယင်းပစ္စည်းနှင့်သက်ဆိုင်သည့် အကျိုးစီးပွားကိုဖြစ်စေ ယုံမှတ်အပ်နှံသူသို့ ပေါင်နှံခြင်း၊ ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲအပ်ခြင်းပြုသည့် စာချုပ်စာတမ်းများ၊

(စ) ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်စာတမ်းများ၊

(ဆ) နိုင်ငံတော်အစိုးရက အခါအားလျော်စွာသတ်မှတ်သည့် စာချုပ်စာတမ်းများ။

၁၇။ အောက်ပါစာချုပ်စာတမ်းများသည် ဤဥပဒေအရမှတ်ပုံတင်လိုက တင်နိုင်သော စာချုပ်စာတမ်း အမျိုးအစားများဖြစ်သည်-

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေကျပ် တစ်သိန်းအောက် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာ ဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို မျက်မှောက်ကာလအတွက်သော်လည်းကောင်း၊ နောင်ကာလအတွက်သော်လည်းကောင်း ဖြစ်မြောက်စေရန်ပြုလုပ်သည့် ငွေလက်ခံရရှိခြင်း သို့မဟုတ် ပေးအပ်ခြင်းကို ဝန်ခံသည့် စာချုပ်စာတမ်းများ၊

(ခ) အပေါင်တန်ဖိုး ငွေကျပ်တစ်သိန်းအောက်ဖြင့် ပေါင်နှံသော စာချုပ်စာတမ်းများ၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို တစ်နှစ်ထက်မပိုသောကာလအတွက် ငှားရမ်းသည့် အငှားစာချုပ်စာတမ်းများ၊

(ဃ) ရွှေ့ပြောင်းနိုင်သော ပစ္စည်းများပေါ်တွင် ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွား တစ်စုံတစ်ရာ ဖြစ်ပေါ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများ၊

(င) သေတမ်းစာများ၊

(စ) မိသားစုစီမံခန့်ခွဲမှု စာချုပ်စာတမ်းများ၊

(ဆ) တရားရုံးကချမှတ်သည့် ဒီကရီများ သို့မဟုတ် အမိန့်များနှင့် အနုညာတခုံလူကြီးတို့၏ ဆုံးဖြတ်ချက်များ၊

(ဇ) တရားရုံးကဖြစ်စေ၊ အခွန်အရာရှိ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို လေလံတင်ရောင်းချပြီးနောက် ဝယ်ယူသူအား ထုတ်ပေးသည့် အရောင်းသက်သေခံလက်မှတ်၊

(ဈ) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ထုတ်ဝေသည့် ဂရန်စာချုပ် သို့မဟုတ် ခွဲဝေပေးသည့် စာချုပ်စာတမ်းများ၊

(ည) အထက်ဖော်ပြပါ စာချုပ်စာတမ်းများအပြင် ပုဒ်မ ၁၆ ပါ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်ထားသည့် စာချုပ်စာတမ်းများမှတစ်ပါး အခြားစာချုပ်စာတမ်းများ။

၁၈။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများသည်-

(က) မြန်မာစာဖြင့်ရေးသားထားသော စာချုပ်စာတမ်းများဖြစ်ရမည်။

(ခ) မြန်မာစာဖြင့်ရေးသားထားသော စာချုပ်စာတမ်းမဟုတ်လျှင် နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် မြန်မာဘာသာပြန်ဆိုချက်ကို ပူးတွဲတင်ပြရမည်။

(ဂ) စာချုပ်ချုပ်ဆိုသူတို့က ပြည့်စုံစွာရေးသားလက်မှတ်ရေးထိုးထားသော စာချုပ်စာတမ်းများ ဖြစ်ရမည်။

(ဃ) စာချုပ်စာတမ်းပါ ရေးသားဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားလျှင် ယင်းသို့ပြုလုပ်ထားသည့် နေရာအသီးသီး၌ စာချုပ်ချုပ်ဆိုသည့်ပုဂ္ဂိုလ်တို့၏ လက်မှတ်တို သို့မဟုတ် လက်မှတ်ရှည်ကို ရေးထိုးရမည်။

၁၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်တွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပါရှိပါက ယင်းသို့ ဆောင်ရွက်ထားခြင်းကို မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားရှိရမည်။

၂၀။ သေတမ်းစာမဟုတ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာကို မှတ်ပုံတင်သွင်းပါက မရွှေ့မပြောင်းနိုင်သောပစ္စည်းစာရင်းကို လွယ်ကူစွာ ခွဲခြားသိရှိနိုင်ရန် အမျိုးအစား၊ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် တည်နေရာတို့ကို ရှင်းလင်းစွာဖော်ပြရမည့်အပြင် မရွှေ့မပြောင်းနိုင်သောပစ္စည်းသည်မြေဖြစ်ပါက မြေနှင့်စပ်လျဉ်း၍သက်သေခံနိုင်သော သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တရားဝင်ထုတ်ပေးထားသည့် သက်သေခံမြေပုံနှစ်ခုနှင့် မြေရာဇဝင် ပါရှိရမည်။

## အခန်း (၅)
## စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရန် အချိန်ကာလ

၂၁။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းများကို စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှစ၍သော်လည်းကောင်း၊ တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကို အမိန့်ချမှတ်သည့်နေ့ရက်မှစ၍သော်လည်းကောင်း ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။ သို့ရာတွင် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကိုအယူခံဝင်လျှင် မှတ်ပုံတင်ရန် တင်ပြရမည့်ရက်ကို နောက်ဆုံး အယူခံဝင်သည့်ရုံးက အမိန့်ချမှတ်သည့်နေ့ရက်မှ စတင်ရေတွက်ရမည်။

၂၂။ စာချုပ်စာတမ်းတစ်ခုကို နှစ်ဦးထက်ပိုသူများက လက်မှတ်ရေးထိုးချုပ်ဆိုကြသဖြင့် လက်မှတ်ရေးထိုးချိန်ကွဲပြားလျှင် နောက်ဆုံးလက်မှတ်ရေးထိုးသည့် နေ့ရက်မှရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။

၂၃။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းကိုသော်လည်းကောင်း၊ တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကိုသော်လည်းကောင်း ပုဒ်မ ၂၁ အရ သတ်မှတ်သည့်ကာလအတွင်း

အကြောင်းတစ်စုံတစ်ရာကြောင့် မှတ်ပုံတင်နိုင်ခြင်းမရှိဘဲ သတ်မှတ်ကာလကျော်လွန်ပြီးမှ မှတ်ပုံတင်ရန် တင်ပြသည့်ကိစ္စရပ်တွင်-

(က) မှတ်ပုံတင်လိုသူသည် မှတ်ပုံတင်ခွင့်ပြုရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ရန် သတ်မှတ်ကာလထက် ကျော်လွန်သည့်ကာလသည် ရက်ပေါင်း ၁၂၀ ထက် မပိုလျှင် သတ်မှတ်ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

၂၄။ နိုင်ငံတော်ပြင်ပတွင်ချုပ်ဆိုသော စာချုပ်စာတမ်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လိုသူသည်-

(က) နိုင်ငံတော်အတွင်းသို့ ရောက်ရှိသည့်နေ့ရက်မှ ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ တင်ပြသော စာချုပ်စာတမ်းကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်လိုသူက ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်ထက်ကျော်လွန်၍ မှတ်ပုံတင်ရန် တင်ပြလာခြင်းဖြစ်ပါက ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများကို ပစ္စည်းတည်ရှိရာ အရပ်ဒေသရှိ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ရမည်။ အခြားစာချုပ်စာတမ်းများကို မည်သည့်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၆။ တရားရုံး ဒီကရီ သို့မဟုတ် အမိန့် တာဝန်ခံမိတ္တူကို အောက်ဖော်ပြပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်-

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် သက်ဆိုင်ပါက မူလစီရင်ချက်ချမှတ်သည့် တရားရုံး တည်ရှိရာ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့် သက်ဆိုင်ခြင်းမရှိပါက မည်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိများသည် မိမိလက်အောက်ရှိ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ပေးသည့် မည်သည့်စာချုပ်စာတမ်းများကိုမဆို စစ်ဆေးရန်လိုအပ်ပါက စုံစမ်းစစ်ဆေးရေးမှူးအား တာဝန်ပေးအပ်၍ စစ်ဆေးစေနိုင်ခွင့် သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခွင့်ရှိသည်။

၂၈။ စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၂၇ အရ တာဝန်ပေးအပ်လာပါက ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကိုသော်လည်းကောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဝန်ထမ်းကိုသော်လည်းကောင်း မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူ မည်သူ့ကိုမဆို ဆင့်ဆို၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

၂၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို သာမန်အားဖြင့် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ဆောင်ရွက်ရမည်ဖြစ်ပြီး အထူးကိစ္စအနေဖြင့် မှတ်ပုံတင်လိုသည့် ပုဂ္ဂိုလ် နေထိုင်ရာအိမ်သို့သွားရောက်၍ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို လက်ခံဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၆)
## စာချုပ်စာတမ်းများကို မှတ်ပုံတင်ခွင့်ရှိသူများ

၃၀။ ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၈၁ ပါအချက်မှတစ်ပါး ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အောက်ပါပုဂ္ဂိုလ်တို့က စာချုပ်စာတမ်းများ မှတ်ပုံတင်ခွင့်ရှိသည်-

(က) စာချုပ်ချုပ်ဆိုကြသည့် ပုဂ္ဂိုလ်များ၊ တရားရုံး ဒီကရီ သို့မဟုတ် အမိန့်ဖြစ်လျှင် ယင်း ဒီကရီ သို့မဟုတ် အမိန့်အရ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ၊

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ) ပါ ပုဂ္ဂိုလ်များ၊

(ဂ) ပုဒ်မခွဲ (က) ပါပုဂ္ဂိုလ်များက ကိုယ်စားလှယ်အဖြစ် တရားဝင်ဆောင်ရွက်ပေးရန် လက်မှတ်ရေးထိုး လွှဲအပ်ထားသည့် အောက်ပါကိုယ်စားလှယ်လွှဲစာရရှိထားသူများ -

(၁) ကိုယ်စားလှယ်လွှဲအပ်သူသည် မြန်မာနိုင်ငံအတွင်း နေထိုင်ပါက လွှဲအပ်သည့် အချိန်တွင် နေထိုင်သည့် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ရှေ့မှောက်တွင် ကိုယ်စားလှယ်လွှဲအပ်ကြောင်း လက်မှတ်ရေးထိုး၍ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာ ရရှိထားသူ၊

(၂) ကိုယ်စားလှယ်လွှဲသူသည် မြန်မာနိုင်ငံပြင်ပတွင်နေထိုင်၍ ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ပြုလုပ်ခဲ့ပြီး လာရောက်မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် ခန့်အပ်တာဝန်ပေးအပ်ထားသည့် အရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ရှေ့တွင် ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ။

၃၁။ (က) စာချုပ်စာတမ်းချုပ်ဆိုသူတို့သည် အားလုံးတစ်ပြိုင်တည်းဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ တင်ပြလာသော စာချုပ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရမည်-

(၁) စာချုပ်စာတမ်းချုပ်ဆိုသူများသည် စာချုပ်စာတမ်းကို နှစ်ဦးနှစ်ဖက်သဘောတူ ချုပ်ဆိုခြင်း ဟုတ် မဟုတ်၊

(၂) စာချုပ်စာတမ်းချုပ်ဆိုသူများသည် ကိုယ်တိုင်လာရောက် မှတ်ပုံတင်ခြင်း ဟုတ် မဟုတ်၊

(၃) စာချုပ်စာတမ်းမှတ်ပုံတင်သူသည် စာချုပ်စာတမ်းချုပ်ဆိုသူများ၏ ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများ ဟုတ် မဟုတ်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အချက်များသည် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်နှင့် မသက်ဆိုင်စေရ။

၃၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့် ညီညွတ်ပါက စာချုပ်စာတမ်းကို လက်ခံ၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်-

(က) စာချုပ်စာတမ်း မှတ်ပုံတင်သူတို့ကို ကိုယ်တိုင်သိရှိခြင်း သို့မဟုတ် စာချုပ်စာတမ်း ချုပ်ဆိုသူများမှာ အမှန်ဖြစ်ကြောင်း အခြားတစ်နည်းနည်းဖြင့် သိရှိခြင်း၊

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သူ သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်သူ၏ ကိုယ်စားပြုသူများ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများက စာချုပ်စာတမ်းကိုချုပ်ဆိုကြောင်း ဝန်ခံခြင်း၊

(ဂ) စာချုပ်စာတမ်းချုပ်ဆိုသူ ကွယ်လွန်၍ ယင်းစာချုပ်စာတမ်းကို တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်အရ မှတ်ပုံတင်သွင်းလာခြင်း၊

(ဃ) မည်သည့်စာချုပ်စာတမ်းကိုမဆို မှတ်ပုံတင်သည့်အခါ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက် ဥပဒေနှင့် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တို့အရ သတ်မှတ်ထားသည့် အခွန်တံဆိပ် ခေါင်းကို လုံလောက်စွာ ကပ်ထားပြီးဖြစ်ခြင်း၊

(င) မိမိရှေ့သို့ ရောက်ရှိလာသူတို့သည် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူများ မှန်ကန်ခြင်း။

၃၃။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် -

(က) မှတ်ပုံတင်သွင်းသောစာချုပ်တွင် ရေးသားဖော်ပြချက်များမှာ ချုပ်ဆိုသူတို့က မှန်ကန်စွာ ရေးသားချုပ်ဆိုကြောင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးမေးမြန်းရမည်။

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သွင်းသူတို့က စာချုပ်ချုပ်ဆိုကြောင်းဝန်ခံခြင်း ရှိ မရှိ ကိုသာ စစ်ဆေးမေးမြန်းရမည်ဖြစ်ပြီး မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းအရ လွှဲပြောင်းသော ပစ္စည်း၏ပိုင်ဆိုင်မှုကို စစ်ဆေးမေးမြန်းခြင်းမပြုရ။

၃၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ရန်ငြင်းပယ်ရမည်-

(က) စာချုပ်စာတမ်းချုပ်ဆိုသူတို့အနက် တစ်ဦးဦးက ယင်းစာချုပ်စာတမ်းကို ချုပ်ဆိုခြင်း မဟုတ်ကြောင်း ငြင်းဆိုခြင်း သို့မဟုတ် ဝန်မခံခြင်း၊

(ခ) စာချုပ်ချုပ်ဆိုသူသည် အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူ သို့မဟုတ် သတိပုံမှန်မရှိသူဟု ထင်မြင်ယူဆခြင်း၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်စာတမ်းများတွင် ပစ္စည်းစာရင်း အထောက်အထားများကို တိကျရှင်းလင်းစွာ ဖော်ပြမထားခြင်း၊

(ဃ) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာတွင် ပုဒ်မ ၂၀ ပါသက်သေခံမြေပုံနှင့် မြေရာဇဝင် ပူးတွဲပါဝင်ခြင်းမရှိသော စာချုပ်များကို မှတ်ပုံတင်သွင်းလာခြင်း။

## အခန်း (၇)
## စာချုပ်စာတမ်းချုပ်ဆိုသူတို့နှင့်သက်သေတို့ကို ကင်းလွတ်ခွင့်ပြုခြင်း

၃၅။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့်သက်ဆိုင်သူများ သို့မဟုတ် ကိုယ်စားလှယ်များကို စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းရေးအတွက် ရုံးသို့လာရောက်စေရန် ဆင့်ဆိုနိုင်သည်။

၃၆။ (က) အောက်ပါပုဂ္ဂိုလ်များသည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ရသည်-

(၁) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့လာရောက်ရန် အခက်အခဲရှိသည့် ကျန်းမာရေးချို့တဲ့နေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊

(၂) အကျဉ်းချထားခြင်း ခံနေရသူများ၊

(၃) တရားရုံးတော်သို့ လာရောက်ခြင်းမှ တည်ဆဲဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသည့်ပုဂ္ဂိုလ်များ။

(ခ) ပုဒ်မခွဲ (က) ပါပုဂ္ဂိုလ်များက စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် လျှောက်ထားလာပါက အဆိုပါပုဂ္ဂိုလ်များနေထိုင်ရာ နေအိမ်သို့ဖြစ်စေ၊ ဆေးရုံသို့ဖြစ်စေ၊ အကျဉ်းထောင်သို့ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကိုယ်တိုင် သွားရောက်ဆောင်ရွက်နိုင်ခြင်း သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ ဝန်ထမ်းတစ်ဦးဦးကို ကော်မရှင်ခန့်စာ ထုတ်ဆင့်၍ ကိုယ်စားသွားရောက်ဆောင်ရွက်စေခြင်း ပြုနိုင်သည်။

## အခန်း(၈)
## သေတမ်းစာများအပ်နှံခြင်း

၃၇။ သေတမ်းစာများကို မည်သည့်အချိန်ကာလတွင်မဆို အပ်နှံခွင့် သို့မဟုတ် မှတ်ပုံတင်သွင်းခွင့်ရှိသည်။

၃၈။ သေတမ်းစာရေးသားသူသည် သေတမ်းစာကို စာအိတ်တွင်ထည့်သွင်းချိတ်ပိတ်၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံတွင် အပ်နှံနိုင်သည်။

၃၉။ ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာထည့်သွင်းချိတ်ပိတ်သည့် စာအိတ်တွင် အောက်ပါတို့ကို ရေးသားဖော်ပြရမည်-

(က) သေတမ်းစာရေးသားသူ၏ အမည် သို့မဟုတ် ကိုယ်စားလှယ်၏ အမည်၊

(ခ) သေတမ်းစာအမျိုးအစား၊

(ဂ) သေတမ်းစာ မှတ်ပုံတင်ရန် တင်ပြသည့် ရက်စွဲ၊

(ဃ) သေတမ်းစာပါ သက်သေတို့၏အမည်များ။

၄၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာကိုစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိရပါက အောက်ပါအချက်များကို မှတ်ပုံတင်စာအုပ်အမှတ် ၅ တွင် မှတ်တမ်းတင်ထားရှိပြီး ယင်းသေတမ်းစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ၌ သိမ်းဆည်းထားရမည်-

(က) သေတမ်းစာအပ်နှံသည့် ခုနှစ်၊ လ၊ ရက်၊ နေ့နှင့် အချိန်၊

(ခ) သေတမ်းစာရေးသားသူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ အမည်၊

(ဂ) သေတမ်းစာပါသက်သေတို့၏ အမည်များ၊

(ဃ) ချိတ်ပိတ်ထားသော သေတမ်းစာအိတ်ပါဖော်ပြချက်များ။

၄၁။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အပ်နှံထားသည့် သေတမ်းစာများကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက် လက်ခံရရှိလျှင် လျှောက်ထားသူကို မိမိထံအပ်နှံသည့် သေတမ်းစာရေးသားသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ် လွှဲအပ်ခံရသူ ဟုတ် မဟုတ် စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက သေတမ်းစာကို ပြန်လည်ထုတ်ပေးရမည်။

၄၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၃၈ အရ အပ်နှံထားသော သေတမ်းစာကို ရေးသားသူကွယ်လွန်သဖြင့် ချိတ်ပိတ် သေတမ်းစာကိုဖွင့်ပေးရန် လျှောက်ထားလျှင် သေတမ်းစာရေးသားသူ အမှန်တကယ် ကွယ်လွန်ခြင်းရှိ မရှိ စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက လျှောက်ထားသူ၏ ကုန်ကျ စရိတ်ဖြင့် သေတမ်းစာပါချိတ်ကို လျှောက်ထားသူ၏ ရှေ့မှောက်တွင်ဖွင့်၍ သေတမ်းစာပါ အကြောင်းအရာများကို မှတ်ပုံတင်စာအုပ်အမှတ် ၃ တွင် ရေးကူးမှတ်တမ်းတင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်စာအုပ်၌ ရေးကူးပြီးလျှင် မူရင်းသေတမ်းစာကို စာချုပ်စာတမ်း မှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာတွင် ပြန်လည်သိမ်းဆည်း ထားရမည်။

(ဂ) သေတမ်းစာများကို တရားရုံးက တင်ပြရန်အကြောင်းကြားလျှင် တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသို့တင်ပြချိန်တွင် သေတမ်းစာ၏ချိတ်ကို မဖွင့်ရသေးလျှင် ပုဒ်မခွဲ (က) ပါအတိုင်း ဆောင်ရွက်၍ တရားရုံးသို့တင်ပြပြီးကြောင်း လက်ခံမှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထား ရမည်။

## အခန်း(၉)

## သေတမ်းစာနှင့် ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်မှတ်ပုံတင်ခြင်း

၄၃။ သေတမ်းစာကို မှတ်ပုံတင်ရေးအတွက် သေတမ်းစာရေးသားသူကသော်လည်းကောင်း၊ သေတမ်းစာ ရေးသားသူကွယ်လွန်ပြီးဖြစ်လျှင် ယင်းသေတမ်းစာအရ အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာအရ တစ်နည်းနည်းဖြင့် သက်ဆိုင်သူကသော်လည်းကောင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

၄၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၃ နှင့်အညီ မှတ်ပုံတင်ရန်တင်ပြသော သေတမ်းစာကို အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ခွင့်ပြုရမည်။

၄၅။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းသော သေတမ်းစာများကို အောက်ပါအချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည် -

(က) သေတမ်းစာရေးသားသူကိုယ်တိုင် အမှန်တကယ်ရေးသား၍ တင်သွင်းလာခြင်း၊

(ခ) သေတမ်းစာရေးသားသူမှာ ကွယ်လွန်ပြီးဖြစ်ပါက အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာ ရေးသားသူနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူက အထောက်အထားခိုင်လုံစွာတင်ပြ၍ တင်သွင်းလာခြင်း။

၄၆။ ကိတ္တိမသားသမီးမွေးစားခြင်းစာချုပ်ကို ၁၉၃၉ ခုနှစ်၊ ကိတ္တိမသားသမီးမွေးစားခြင်းအက်ဥပဒေ (The Registration of Kittima Adoption Act) နှင့်အညီ သားသမီးမွေးစားသူ သို့မဟုတ် မွေးစားခံရသူက မှတ်ပုံတင်ရန် တင်ပြလာပါက အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ရမည်။

## အခန်း(၁၀)
## စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု

၄၇။ ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သော စာချုပ်စာတမ်းသည်-

(က) စာချုပ်ချုပ်ဆိုသည့် နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်သက်ဆိုင်လျှင် ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်ကိုလွှမ်းမိုး၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အကျိုးသက်ရောက်မှုရှိသော်လည်း စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်အရ လက်ရောက် ပေးအပ်ပြီးဖြစ်သော ပစ္စည်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၄၈။ ပုဒ်မ ၁၆ အရ သတ်မှတ်သော မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်း မပြုလျှင်-

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းတို့သည် အကျိုးသက်ရောက်မှု မရှိစေရ။

(ခ) ကိတ္တိမသားသမီး မွေးစားခြင်းအတွက် တရားဝင်အထောက်အထား သက်သေခံချက် မဖြစ်စေရ။

(ဂ) စာချုပ်စာတမ်းပါပစ္စည်းနှင့်သက်ဆိုင်သည့် သို့မဟုတ် အခွင့်အာဏာပေးအပ်ချက်သည် တရားဝင်အထောက်အထား သက်သေခံချက် မဖြစ်စေရ။

၄၉။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့ပါ စာချုပ်စာတမ်းများနှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ စာချုပ်စာတမ်းများကို မှတ်ပုံတင်ထားလျှင် ယင်းစာချုပ်စာတမ်းပါ ပစ္စည်းနှင့် သက်ဆိုင်သော ကတိပြုချက်နှင့် စည်းကမ်းချက်များသည် တရားဝင်ဖြစ်သည်။

## အခန်း (၁၁)
## မှတ်ပုံတင်အရာရှိနှင့် စုံစမ်းစစ်ဆေးရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) စာချုပ်စာတမ်းများကိုမှတ်ပုံတင်ရန် တင်ပြပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) မှတ်ပုံတင်ရန်တင်ပြသည့် နေ့ရက်၊ အချိန်၊ နာရီနှင့် နေရပ်တို့ကို ယင်းစာချုပ်စာတမ်းတွင်ရေးမှတ်၍ မှတ်ပုံတင်ရန် တင်ပြသူ၏ လက်မှတ်ကို ရေးထိုးစေခြင်း၊

(၂) စာချုပ်စာတမ်းလက်ခံရရှိကြောင်း ပြေစာလက်မှတ်ကို မှတ်ပုံတင်ရန် တင်ပြသူအား ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်ပြုသည့် စာချုပ်စာတမ်းကို သက်ဆိုင်သည့် မှတ်ပုံတင်စာအုပ်၌ ကြန့်ကြာခြင်းမရှိစေဘဲ အစဉ်အတိုင်း မှတ်တမ်းတင်ခြင်း။

(ခ) ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်စာအုပ်ကို မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး လက်မှတ်ရေးထိုးရမည်။

၅၁။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် -

(က) တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့် တာဝန်ခံမိတ္တူကိုဖြစ်စေ၊ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပေးပို့သော မိတ္တူများမှတစ်ပါး ကျန်စာချုပ်များကိုဖြစ်စေ မှတ်ပုံတင်ရန် လက်ခံသည့်အခါ စာချုပ်စာတမ်းများတွင် အောက်ပါထပ်ဆင့်ရေးမှတ်ချက်များကို ရေးမှတ်ရမည်-

(၁) စာချုပ်ချုပ်ဆိုကြောင်းဝန်ခံသည့် စာချုပ်စာတမ်းချုပ်ဆိုသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူ၏ လက်မှတ်နှင့် ဆက်လက် ရေးသားသော အချက်များ၊

(၂) ဤဥပဒေပါပြဋ္ဌာန်းချက်များအရ စာချုပ်စာတမ်းနှင့်စပ်လျဉ်း၍ စစ်ဆေးခံရသူ တို့၏ လက်မှတ်နှင့် ဆက်လက်ရေးသားသောအချက်များ၊

(၃) စာချုပ်စာတမ်းချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ ငွေဖြစ်စေ၊ ကုန်စည်ဖြစ်စေ ပေးအပ်ခြင်း နှင့်သက်ဆိုင်သော အဖိုးစားနားအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း လက်ခံ ရရှိကြောင်း မိမိရှေ့မှောက်တွင် ဝန်ခံချက်များ။

(ခ) စာချုပ်စာတမ်းချုပ်ဆိုသူက ပုဒ်မခွဲ (က) ပါဝန်ခံချက်များကို စာချုပ်စာတမ်းတွင် ထပ်ဆင့်ရေးမှတ်ချက်မပြုလိုကြောင်း ငြင်းဆိုလျှင် ယင်းသို့ငြင်းဆိုချက်ကို စာချုပ် စာတမ်းမှတ်ပုံတင်ပြီးချိန်တွင် မှတ်တမ်းတင်ထားရမည်။

၅၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ တစ်နေ့တည်း၌ ဆောင်ရွက်သော ပုဒ်မ ၅၀ နှင့် ၅၁ တို့အရ ဆောင်ရွက်ချက်များကို ယင်းစာချုပ်စာတမ်းတွင် ရက်စွဲတပ်၍ လက်မှတ်ရေးထိုးရမည်။

၅၃။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည်-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ခွင့်ပြုရန် တင်ပြသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင်ပြီးသည့်အခါ ယင်းစာချုပ်စာတမ်းများ မှတ်ပုံတင်ထားသည့် မှတ်ပုံတင် စာအုပ်အမှတ်နှင့် စာမျက်နှာအမှတ်များကို စာချုပ်စာတမ်းတွင်ရေးသား၍ မှတ်ပုံတင် ပြီးကြောင်း ထပ်ဆင့်ရေးမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထပ်ဆင့်ရေးမှတ်ချက်များကို ရုံးတံဆိပ်ရိုက်နှိပ်ခြင်း၊ ရက်စွဲနှင့်အတူ လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်ပြီးလျှင် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း ပြီးမြောက်သည်။

၅၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည်-

(က) စာချုပ်စာတမ်းများကို စစ်ဆေးရာ၌ လိုအပ်ပါက တရားရုံး၏ကျမ်းကျိန်လွှာကို တင်ပြစေနိုင်သည်။

(ခ) လိုအပ်လျှင် စစ်ဆေးမေးမြန်းခံရသူ တစ်ဦးချင်းအလိုက် ထွက်ဆိုချက်များကို ရေးမှတ်၍ မှတ်တမ်းတင်ထားနိုင်သည်။

(ဂ) စစ်ဆေးမေးမြန်းခံရသူတို့၏ ထွက်ဆိုချက်များကို ပြန်လည်ဖတ်ပြပြီး ထွက်ဆိုသူက ဟုတ်မှန်ကြောင်းဝန်ခံလျှင် ယင်းထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးရမည်။

(ဃ) မိမိလက်မှတ်ရေးထိုးထားသော ထွက်ဆိုချက်ပါအချက်အလက်များကို ထင်ရှားပြီးသော အကြောင်းအရာများအဖြစ် သတ်မှတ်နိုင်သည်။

၅၅။ (က) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးရေးမှူး၏ ကြီးကြပ်မှုကို ခံယူဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တိုင်ကြားလျှင် လိုအပ်သလို စစ်ဆေး၍ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ဥပဒေနှင့် မညီသော ဆောင်ရွက်ချက်များရှိပါက အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးရေးမှူး၏ တင်ပြချက်ကိုစိစစ်၍ လိုအပ်သလို ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါကိစ္စရပ်များဆောင်ရွက်ရန် လိုအပ်ပါက ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရမည်-

(က) ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါစာချုပ်စာတမ်း မှတ်ပုံတင်ရုံးများတွင် မလိုအပ်သည့် စာရွက်စာတမ်းများ ဖျက်ဆီးခြင်း၊

(ခ) ဒဏ်ကြေးကင်းလွတ်ခွင့်ပြုခြင်း။

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိသည် မိမိလက်အောက်ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများကို ဥပဒေနှင့်အညီဖြစ်စေရေး အတွက် တာဝန်ယူကြီးကြပ်ရမည်။

၅၈။ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်ခအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုရန် တင်ပြသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း(၁၂)
## မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် အယူခံခြင်း

၅၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် -

(က) မှတ်ပုံတင်ရန်တင်ပြသည့် စာချုပ်စာတမ်းကို ပုဒ်မ ၃၄ ပါကိစ္စရပ်များကြောင့် မှတ်ပုံ တင်ရန်ငြင်းပယ်လျှင် မည်သည့်အတွက် ငြင်းပယ်ကြောင်းကို သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ထားရမည့်အပြင် စာချုပ်စာတမ်း၌လည်း ငြင်းပယ်ကြောင်း ဖော်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ ငြင်းပယ်သည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ ယင်းစာချုပ်စာတမ်းပါ သက်ဆိုင်ကြောင်းအဆိုရှိသူကဖြစ်စေ၊ ငြင်းပယ်သည့်အမိန့်ကို ထုတ်ပေးရန်လျှောက်ထားလျှင် သတ်မှတ်ထားသည့် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်း မှတ်တမ်းတင်ထားသည့် အကြောင်းအရာများကို မိတ္တူမှန် အခမဲ့ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ငြင်းပယ်သည့်စာချုပ်စာတမ်းကို ထုတ်ပေးရန်လိုအပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ အမိန့်အရသာ ထုတ်ပေးရမည်။

၆၀။ (က) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက ဆုံးဖြတ်သော အောက်ပါအချက်များကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ အယူခံဝင်ရောက်ခွင့်ရှိသည်-

(၁) စာချုပ်ချုပ်ဆိုခြင်းမပြုကြောင်း ငြင်းဆိုချက်အရ မှတ်ပုံတင်ရန် ငြင်းပယ်ခံရခြင်း၊

(၂) စာချုပ်စာတမ်းပါပစ္စည်းသည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ စီရင်ပိုင်ခွင့် ရှိသော နယ်နိမိတ်အတွင်းမကျရောက်သည့် အကြောင်းကြောင့်မှတစ်ပါး အခြား အကြောင်းတစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိ၏ ချမှတ်သည့်အမိန့်ကို အယူခံဝင်နိုင်ခွင့်မရှိစေရ။

၆၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်မိတ္တူနှင့်အတူ အယူခံလျှောက်ထားချက်ကို သတ်မှတ်ရက်အတွင်း လက်ခံရရှိလျှင် ဥပဒေနှင့်အညီစိစစ်ရန် စုံစမ်းစစ်ဆေးရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။

၆၂။ စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၆၁ အရ တာဝန်ပေးအပ်ချက်ကို လက်ခံရရှိလျှင် အောက်ပါတို့ကို ဆောင်ရွက်ပြီး တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တွေ့ရှိချက်အစီရင်ခံစာ ပြန်လည်တင်ပြရမည်-

(က) စာချုပ်စာတမ်းမှတ်ပုံတင်ရန် တင်ပြသူများ၊ စာချုပ်စာတမ်းချုပ်ဆိုသူများနှင့် သက်သေများကို ရုံးသို့ဆင့်ခေါ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ခ) လိုအပ်သောအထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်သူများထံမှတောင်းခံရယူခြင်း။

၆၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးရေးမှူး၏ တင်ပြချက်ကို စိစစ်ပြီး ယင်းတင်ပြချက်ရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည့်အမိန့် သို့မဟုတ် ပြင်ဆင်သည့်အမိန့် ချမှတ်ရမည်။

၆၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏ မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ချက်ကိုပြင်ဆင်သည့်အမိန့် ချမှတ်ပါက စာချုပ်စာတမ်း မှတ်ပုံတင်ခွင့်ပြုရန် အယူခံတင်သွင်းသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ခွင့်ပြုရန် ထပ်မံတင်ပြနိုင်သည်။

၆၅။ ပုဒ်မ ၆၄ နှင့်အညီ တင်ပြချက်အရ မှတ်ပုံတင်ခွင့်ရရှိသော စာချုပ်စာတမ်းကို ကနဦးလျှောက်ထားသည့်နေ့ရက်တွင် မှတ်ပုံတင်သကဲ့သို့ မှတ်ယူရမည်။

၆၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ မှတ်ပုံတင်ရန် ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုလျှင်၊ အတည်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ရောက်သူသည် သက်ဆိုင်ရာမှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်းကို မှတ်ပုံတင်စေသည့် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ချမှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည်။

( ခ ) အယူခံဝင်ရောက်သူသည် စာချုပ်စာတမ်းကို မှတ်ပုံတင်ရန်တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ရရှိပါက ယင်းအမိန့်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ စာချုပ်စာတမ်းမှတ်ပုံတင် ပေးရန် လျှောက်ထားရမည်။

၆၇။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ခ) အရ တင်ပြသည့် စာချုပ်စာတမ်းကို ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရမည်။

## အခန်း(၁၃)
## မှတ်ပုံတင်ခြင်း၊ ရှာဖွေခြင်း၊ မိတ္တူကူးယူခြင်းဆိုင်ရာ အခကြေးငွေများ

၆၈။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စရပ်များအတွက် ပေးဆောင်ရမည့် အခကြေးငွေများကို သတ်မှတ်ပြီး သတ်မှတ်သည့်အခကြေးငွေနှုန်းထားများကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ကြေညာရမည့်အပြင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများရှိ အများပြည်သူမြင်သာသည့်နေရာ၌ ထင်ရှားစွာဖော်ပြထားရန် ညွှန်ကြားရမည်-

(က) စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း၊

( ခ ) မှတ်ပုံတင်စာအုပ်နှင့် အညွှန်းမာတိကာများကို ရှာဖွေကြည့်ရှုခြင်းနှင့် မိတ္တူရေးကူးခြင်း၊

( ဂ ) ကော်မရှင်နာခန့်အပ်ခြင်း၊

(ဃ) စာချုပ်စာတမ်း ချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်ဆောင်ရွက်ခြင်း၊

( င ) ဘာသာပြန်ချက်များ တွဲထားခြင်း၊

( စ ) ချိတ်ပိတ်သေတမ်းစာများကို ထိန်းသိမ်းခြင်း၊ ဖွင့်ပေးခြင်းနှင့် ပြန်အပ်ခြင်း၊

(ဆ) မှတ်ပုံတင်သည့် စာချုပ်စာတမ်းကိုဖြစ်စေ၊ မှတ်ပုံတင်ရန်ငြင်းပယ်သော စာချုပ်စာတမ်းကို ဖြစ်စေ၊ ထုတ်ယူခြင်းမရှိ၍ လုံခြုံစွာထိန်းသိမ်းထားခြင်း၊ အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၆၉။ စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန် တင်ပြသူသည် ပုဒ်မ ၆၈ အရ သတ်မှတ်ကြေညာထားသော အခကြေးငွေနှုန်းထားများပါ စာချုပ်စာတမ်း မှတ်ပုံတင်ခကို မှတ်ပုံတင်သည့်အချိန်တွင် ပေးဆောင် ရမည်။

## အခန်း(၁၄)
## မှတ်ပုံတင်ပြီးဖြစ်သည်ဟု မှတ်ယူရသည့် စာချုပ်စာတမ်းများ

၇၀။ အောက်ပါစာချုပ်စာတမ်းများ သို့မဟုတ် မြေပုံများသည် ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(က) မြေခွန်နှုန်းသတ်မှတ်သည့်အရာရှိ သို့မဟုတ် ပြင်ဆင်သတ်မှတ်သည့်အရာရှိက ထုတ်ပေးသော သို့မဟုတ် လက်ခံထားသော စာချုပ်စာတမ်းများနှင့် မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသည့် စာချုပ်စာတမ်းများ၊

(ခ) နိုင်ငံတော်အစိုးရက မြေတိုင်းတာရန် တာဝန်ပေးအပ်သည့် အရာရှိက ထုတ်ပေးသော သို့မဟုတ် လက်ခံသောစာချုပ်စာတမ်းနှင့် မြေပုံများ၊ ယင်းအရာရှိတို့က မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသည့် စာချုပ်စာတမ်းနှင့် မြေပုံများ၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ရုံးသို့ မှန်မှန်ပေးပို့ရသည့် ကျေးရွာစာရင်းနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများ၊

(ဃ) နိုင်ငံတော်အစိုးရအတွက် မြေပေါ်၊ မြေအောက် အကျိုးစီးပွားအလို့ငှာ လွှဲပြောင်းပေး အပ်သော စာချုပ်စာတမ်းများ။

၇၁။ ပုဒ်မ ၇၀ ပါစာချုပ်စာတမ်းနှင့် မြေပုံများကို မည်သူမဆို သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်း၍ ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ရှိသည်။

## အခန်း(၁၅)
## တားမြစ်ချက်များ

၇၂။ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသူ မည်သူမျှ တစ်ဦးတစ်ယောက်သောသူ၏ အကျိုးပျက်စီးနစ်နာစေရန် အကြံဖြင့်ဖြစ်စေ၊ ယင်းသို့ နစ်နာစေရန်အကြောင်းရှိကြောင်း သိလျက်နှင့်ဖြစ်စေ၊ မမှန်မကန်သည်ကိုသိလျက်နှင့်ဖြစ်စေ၊ သိရှိရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ မှတ်ပုံတင်ရန် တင်ပြသောစာချုပ်စာတမ်းကိုသော်လည်းကောင်း၊ အပ်နှံထားသော စာချုပ်စာတမ်းကိုသော်လည်းကောင်း၊ မမှန်မကန်ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ မိတ္တူရေးကူးခြင်း၊ ဘာသာပြန်ဆိုခြင်း သို့မဟုတ် မှတ်ပုံတင်ပေးခြင်းမပြုရ။

၇၃။ မည်သူမျှ အောက်ပါအချက်တစ်ရပ်ရပ်ကို ကျူးလွန်ခြင်းမပြုရ-

(က) ဤဥပဒေအရဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်း ပြုရာတွင်ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးရှေ့မှောက်၌ မမှန်မကန်ထွက်ဆိုခြင်း၊

(ခ) မမှန်ကန်သောစာချုပ်စာတမ်းကိုဖြစ်စေ၊ ဘာသာပြန်ဆိုချက်ကိုဖြစ်စေ၊ မြေပုံ သို့မဟုတ် ပုံစံမိတ္တူကိုဖြစ်စေ သိလျက်နှင့် မှတ်ပုံတင်အရာရှိထံ အပ်နှံခြင်း၊

(ဂ) ဤဥပဒေအရဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်း ပြုရာတွင်ဖြစ်စေ၊ စာချုပ်စာတမ်းချုပ်ဆိုသူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ် မဟုတ်ဘဲ အယောင်ဆောင်၍ စာချုပ်တင်ပြခြင်း၊ ထွက်ဆိုချက်ပေးခြင်းနှင့် တစ်နည်းနည်းဖြင့် မမှန်မကန် ဆောင်ရွက်ခြင်း။

## အခန်း(၁၆)
## ပြစ်ဒဏ်များ

၇၄။ မည်သူမဆို ပုဒ်မ ၇၂ နှင့် ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၇၂ နှင့် ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို မူရင်းပြစ်မှုပါသတ်မှတ်ထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။

၇၆။ မည်သူမဆို တားမြစ်ချက်ပါ မျိုးတူပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အခန်း(၁၇)
## အထွေထွေ

၇၇။ မည်သည့် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးကမဆို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့်တာဝန်ထမ်းဆောင်ရာ၌ ဥပဒေအရ ပေးအပ်ထားသော လုပ်ငန်းတာဝန်အရ ငြင်းဆိုခြင်း၊ စစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်ဆောင်ရွက်စေခြင်းတို့ကို အကြောင်းပြု၍ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၇၈။ တားမြစ်ချက်ပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းခံရသဖြင့် နစ်နာသူက တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုရာတွင် သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးသည် သက်သေအဖြစ် သက်သေခံခြင်းကိုဖြစ်စေ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ လိုအပ်သောအထောက်အထား စာရွက်စာတမ်းများ၏မိတ္တူမှန် အခမဲ့ထုတ်ပေးခြင်းကိုဖြစ်စေ ဆောင်ရွက် ရမည်။

၇၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် သေတမ်းစာမှတစ်ပါး အခြားစာရွက်စာတမ်းများကို ၂၄ လအတွင်း ပြန်လည်ရွေးယူခြင်းမရှိလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဖျက်ဆီးနိုင်သည်။

၈၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ဤဥပဒေနှင့်အညီ မှတ်ပုံတင်သည့်စာချုပ်စာတမ်းများသည် စာချုပ်စာတမ်းချုပ်ဆို တင်ပြသူတို့၏ ထွက်ဆိုတင်ပြချက် များကို စိစစ်၍ မှတ်ပုံတင်သွင်းရခြင်းဖြစ်သဖြင့် ယင်းအရာရှိ၏ ဆောင်ရွက်ချက်ကို ခိုင်မာမှုမရှိဟု မှတ်ယူခြင်းမပြုရ။

၈၁။ ဤဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အစိုးရပိုင်ပစ္စည်းအပ်နှံခံရသူအရာရှိ သို့မဟုတ် ပစ္စည်းထိန်းအရာရှိတို့သည် မိမိတို့၏တာဝန်အရချုပ်ဆိုသည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မိမိတို့ကိုယ်တိုင် လာရောက်ခြင်းမှသော်လည်းကောင်း၊ မိမိ၏ကိုယ်စားလှယ်ကို စေလွှတ်ရခြင်းမှသော်လည်းကောင်း၊ ပုဒ်မ ၅၀ အရ လက်မှတ်ရေးထိုးရခြင်းမှသော်လည်းကောင်း ကင်းလွတ်ခွင့်ရှိသည်။

၈၂။ ပုဒ်မ ၈၁ အရ ချုပ်ဆိုသည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ လိုအပ်လျှင် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက သက်ဆိုင်ရာစာချုပ်စာတမ်း ချုပ်ဆိုသူများအား အကြောင်းကြားမေးမြန်းနိုင်သည်။ စာချုပ်စာတမ်းချုပ်ဆိုကြောင်းယုံကြည်လျှင် မှတ်ပုံတင်ပေးရမည်။

၈၃။ (က) တရားမကျင့်ထုံးဥပဒေအရ မရွှေ့မပြောင်းနိုင်သောပစ္စည်းရောင်းချကြောင်း သက်သေခံလက်မှတ်ထုတ်ပေးသည့် တရားရုံးက ယင်းသက်သေခံလက်မှတ်မိတ္တူကို ပစ္စည်းတည်ရှိရာဒေသရှိ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) လေလံတင်ရောင်းချသော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ လေလံဆွဲ၍ ဝယ်ယူရရှိသူအားထုတ်ပေးသည့် ရောင်းချကြောင်းလက်မှတ်မိတ္တူကို သက်ဆိုင်ရာအရာရှိက ပစ္စည်းတည်ရှိရာဒေသ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ဂ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရပေးပို့သော တရားရုံး၏သက်သေခံလက်မှတ်မိတ္တူ သို့မဟုတ် ရောင်းချကြောင်းလက်မှတ်မိတ္တူကို သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် တွဲထားရမည်။

၈၄။ (က) စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရန် ဆောင်ရွက်နေစဉ် ကန့်ကွက်ချက်ရှိပါက ကန့်ကွက်သူကို ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာတရားရုံးက ထုတ်ပေးသည့် ယာယီတားဝရမ်း တင်ပြစေရမည်။ သတ်မှတ်ရက်အတွင်း တင်ပြနိုင်ခြင်းမရှိပါက စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောစာချုပ်များကို ပယ်ဖျက်လိုလျှင် ပယ်ဖျက်လိုသူက သီးခြားသက်သာခွင့်အက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ အဆိုပါစာချုပ်စာတမ်းကို ဖျက်သိမ်းပေးရန် သက်ဆိုင်ရာတရားရုံးတွင် လျှောက်ထားရမည်။

(ဂ) မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရလျှောက်ထားခြင်းအတွက် တရားရုံးကချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့် တာဝန်ခံမိတ္တူကို လက်ခံရရှိလျှင် ယင်း ဒီကရီ သို့မဟုတ် အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၈၅။ ဤဥပဒေဖြင့်ရုပ်သိမ်းသည့် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ (THE REGISTRATION ACT, India Act 16, 1908, Vol.X) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၇။ THE REGISTRATION ACT, (India Act 16, 1908, Vol.X) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်